THE MYANMAR

# Automobile

INDUSTRY GUIDE

# Janauary 2019 Report

POWERED BY MMRD

www.automobiledirectory.com.mm








# မော်တော်ယာဉ် အနာဂတ် ခရီးလမ်း

မြန်မာနိုင်ငံ၏ မော်တော်ယာဉ်လုပ်ငန်းကဏ္ဍသည် ယခုအခါ အကူးအပြောင်းကာလတစ်ရပ်ကို ဖြတ်သန်းနေပြီး ဈေးကွက်အနေအထားများလည်း ပြောင်းလဲနေသည်။ ဈေးကွက်အသွင်သစ်တစ်ခု အဖြစ် ပေါ်ထွက်လာနေသည်။ အပြောင်းအလဲနှင့်အတူ မျက်ခြည်မပြတ် အရွေ့ရှိသော လုပ်ငန်း မဟုတ်ခဲ့လျှင် ဆက်လက်ရှင်သန်ရန် အခက်အခဲများ အနည်းနှင့်အများ ကြုံရမည်။

မည်သို့သော အကူးအပြောင်းများ စီးဆင်းနေသနည်း။

ဝယ်ယူသုံးစွဲသူကဏ္ဍတွင်ယာဉ်အတွက်ရင်းနှီးမြှုပ်နှံမှုများတစ်နှစ်ထက် တစ်နှစ် မြင့်တက်နေသည်။ လူလတ်တန်းစား ဝယ်လိုအားသည် မော်တော်ယာဉ် အမျိုးမျိုးတို့အတွက် တွန်းအားတစ်ရပ်ဖြစ်သည်။

မော်တော်ယာဉ် အမျိုးမျိုးတို့ကို နှစ်ဘီးတပ်ယာဉ်၊ လေးဘီးတပ် ယာဉ်နှင့် လေးဘီးအထက်တပ်ယာဉ်ဟူ၍ ပိုင်းခြားကြည့်မည်ဆိုလျှင် နှစ်ဘီးတပ်ယာဉ်ဖြစ်သော မော်တော်ဆိုင်ကယ် ဝယ်စီးသူများ တိုးတက် များပြားနေပေရာ ပြည်ပမှ တင်သွင်းသည့် ယာဉ်အမျိုးမျိုးတို့တွင် မော်တော်ဆိုင်ကယ်သည် အရေအတွက်အားဖြင့် ဈေးစု ၈၀% ဝန်းကျင်ကို နှစ်စဉ် ရရှိထားသည်ကို တွေ့ရသည်။

လေးဘီးတပ်ယာဉ်ဖြစ်သော အိမ်စီးကားများ ဈေးကွက်တွင်လည်း အပြောင်းအလဲ ဖြစ်ပေါ်နေသည်။ မော်တော်ယာဉ် မှတ်ပုံတင်သည့် အရေအတွက်တွင် အိမ်စီးကားများ အရေအတွက်သည် အများဆုံး ဖြစ်ပြီး လုပ်ငန်းသုံးယာဉ်များသည် ဒုတိယနေရာတွင် ရှိနေသည်။ ထိုယာဉ်နှစ်မျိုးတို့သည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလျက် ရှိသည်ကို တွေ့ရသည်။ ဘတ်စ်ကားများသည် တတိယနေရာတွင် ရှိနေပြီး သိသိသာသာ တိုးတက်များလာခြင်း မရှိချေ။

အိမ်စီးကားများကဏ္ဍတွင် တစ်ပတ်ရစ်ကား ဝယ်စီးသူမှာအများစု ဖြစ်နေဆဲဖြစ်သော်လည်း ကားအသစ်ကျပ်ချွတ် ဝယ်ယူစီးသူများပိုမို များပြားလာနေသည်။ ယေဘုယျအားဖြင့် ၂၀၂၀ ခုနှစ်တွင် ကားအသစ် ကျပ်ချွတ် ဝယ်စီးသော စီးရေသည် ဈေးကွက်ဈေးစု အနည်းဆုံး ၁၀ % ဝန်းကျင် ရှိလိမ့်မည်။ ပြည်တွင်းမှာပင် ဝယ်ယူ၍ ရနေခြင်း၊ ရန်ကုန်လိုင်စင် ရနိုင်ခြင်း၊ ပြည်တွင်းတွင် ကားထုတ်လုပ်သည့်လုပ်ငန်း များကို ပြည်ပမှ ကားထုတ်လုပ်သည့် လုပ်ငန်းများ လာရောက် လုပ်ကိုင် ကြခြင်းတို့သည် ကားအသစ် ဝယ်စီးရန် လက်လှမ်းမီပြီး လွယ်ကူနေစေ သည်မှာ တွန်းအားတစ်ခု ဖြစ်ပေသည်။

**၈၀%**

မော်တော်ဆိုင်ကယ် တင်သွင်းမှု ရာခိုင်နှုန်း

**၁၀%**

ကားအသစ်ကျပ်ချွတ် ဝယ်စီးသူ ရာခိုင်နှုန်း




(Source: RTAD)

ASEAN Automotive Federation ၏ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ် ပထမ ၇ လတွင် မြန်မာနိုင်ငံသည် ကားအသစ် စီးရေ ၈၃၄၁ စီး ဝယ်ယူခဲ့သည်။

ဇယား-၁ မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်းအချို့

| Sr. | Company | Type Of Business | Location | Investment Type | Permitted year |
|---|---|---|---|---|---|
| 1 | Suzuki (Myanmar) Motor Co., Ltd | Automobile & Spare Parts Production | Yangon | 100 % FDI | 2013 |
| 2 | SC Auto (Myanmar) Co., Ltd. | Manufacturing and Assembling of Buses/ Coaches, Repair and Maintenance Services | Yangon | 100 % FDI | 2015 |
| 3 | Khaing Khaing Sang Da Group Ltd. | Automobile Manufacturing & Assembling | Yangon | JV | 2013 |
| 4 | Tan Chong Motor (Myanmar) Co., Ltd. | Automobile Manufacturing & Assembling | Bago | JV | 2013 |
| 5 | APM Auto Components Myanmar Co., Ltd. | Automobile Spare Parts Manufacturing | Bago | JV | 2013 |
| 6 | Capital Motors Ltd. | Manufacturing, Assembling and Sales of Vehicles and other related services | Yangon | JV | 2015 |
| 7 | Myanma Economic Holdings Ltd. | Automobile Manufacturing & Assembling | Bago | 100 % Local | 2013 |
| 8 | Myanmar Motor Corporation Public Co., Ltd. | Manufacturing of Coach Bus, City Bus and Body Building | Yangon | 100 % Local | 2016 |

International KLM Co.,Ltd.

Octagon International Services Co., Ltd

Automobile Alliance Co., Ltd

Aye and Sons Service Co., Ltd.

Super Seven Stars Co., Ltd

Capital Automotive Ltd




တင်သွင်းသည့် ကားများကို မိခင်ကုမ္ပဏီအမှတ်တံဆိပ်အရ ကြည့်လျှင် မြန်မာကားစျေးကွက်၏ ၆၅% ကို သိမ်းပိုက်ထားသော Toyota ကားအမျိုးမျိုး တင်သွင်းသည့်စီးရေသည် အများဆုံးဖြစ်ပြီး ၄၉% ရှိသည်။ ဒုတိယနေရာတွင် Honda က ၃၀% ဖြင့် နေရာယူထားသည်ကို တွေ့ရသည်။

Pacific-AA Motor Ltd.

Yaung Ni Oo Services Co., Ltd.

Prestige Automobiles Co., Ltd

MSP Motors Ltd.

United Diamond Motor Co., Ltd

Solo Motor Co., Ltd.

Lyan Shan Engineering Services Co., Ltd

Suzuki Myanmar Motor










၈၀%

ဂျပန်နိုင်ငံမှ တင်သွင်းသည့် ကားစီးရေ ရာခိုင်နှုန်း

တင်သွင်းသည့် မော်တော်ယာဉ်များကို တင်ပို့သည့် နိုင်ငံအရကြည့်လျှင် ထိပ်ဆုံးတွင် ဂျပန်နိုင်ငံက ၈၀% ဖြင့် လည်းကောင်း၊ ဒုတိယနေရာတွင်အိမ်နီးနားချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံက ၁၃% ဖြင့်လည်းကောင်း နေရာယူထားသည်ကို တွေ့သည်။

ယာဉ်အပိုပစ္စည်းကဏ္ဍတွင်လည်း ပြည်ပမှ တင်သွင်းခြင်းများ ကြီးစိုးနေဆဲဖြစ်သော်လည်း ပြည်တွင်းတွင် ထုတ်လုပ်မှုများရှိနေပြီ ဖြစ်ပြီး ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းများသို့ ပေးသွင်းရန် ရည်မှန်း ချက်ဖြင့် ထုတ်လုပ်သည့်ဆီသို့ ကူးပြောင်းနေသည်။ ဥပမာ ဘက်ထရီ လုပ်ငန်း သီလဝါမှာ စက်ရုံတည်ဆောက် လုပ်ကိုင်ခြင်း။

ထိုသို့ ယာဉ်ထုတ်လုပ်သူထံ ပစ္စည်းပေးသွင်းရန်ထုတ်လုပ်သူ OEM ရရှိထားလျှင် ယာဉ်ထုတ်လုပ်သည့်လုပ်ငန်းထံ ထုတ်ကုန်ပေး သွင်းသည့်အပြင် ယာဉ်အပိုပစ္စည်း စျေးကွက်ထဲတွင်လည်း OEM အဖြစ် ထုတ်ကုန်ကို ဂုဏ်ရှိရှိဖြင့် ရောင်းချနိုင်မည် ဖြစ်သည်။

ဇယား-၂ မြန်မာနိုင်ငံ မော်တော်ယာဉ်ကဏ္ဍမှ ဖော်ပြရန် ရွေးချယ်ထားသော လုပ်ငန်းအမျိုးအစားများနှင့် အရေအတွက်

| | | | | | |
|---|---|---|---|---|---|
| Bearings | 34 | Car Engine Belts | 19 | Car Tyres & Tubes Repair | 314 |
| Bolts & Nuts | 184 | Car Engine Dealers | 165 | Car Tyres Retreading Services | 8 |
| Bus Service Companies | 26 | Car Engine Oil & Lubricants | 587 | Car Wheel Alignment | 157 |
| Car & Motorcycle Tubes Repair | 287 | Car Engine Repair | 262 | Car Wheels/Tyres & Tubes Dealers | 953 |
| Car & Truck Dealers & Importers | 681 | Car Exhaust | 121 | Car Windshields & Mirrors | 83 |
| Car & Truck Dealers [New] | 84 | Car Keys [Assorted] | 29 | Car Wiring | 296 |
| Car & Truck Rentals | 291 | Car Lighting Equipment & Repair | 171 | Car Workshops | 2697 |
| Car Aircons | 239 | Car Manufacturers | 20 | Car Workshops [OBD II System] | 113 |
| Car Auction & Bidding Centres | 26 | Car Paint Shops | 81 | Crane Hires | 75 |
| Car Batteries & Accessories Sales & Services | 83 | Car Painting Services | 282 | Driving Schools | 111 |
| Car Body Equipment [Bumper/Shell etc.] | 32 | Car Parking Services | 3 | Engine Boring Workshops | 11 |
| Car Body Workshops | 1359 | Car Parking Systems & Equipment | 2 | Filling Stations | 1781 |
| Car Brakes & Clutches Spares & Services | 356 | Car Polishing Services | 110 | Gear Pinion Repair | 16 |
| Car Cassettes & Audio | 87 | Car Radiator Repair | 231 | Motorcycle Accessories & Parts | 3451 |
| Car CNG Converting | 17 | Car Security Systems & Equipment | 1 | Motorcycle Dealers | 1260 |
| Car Cushions & Roofs | 560 | Car Servicing Equipment | 14 | Motorcycle Repair | 4238 |
| Car Decorating Supplies & Services | 359 | Car Servicings | 940 | Pilgrimage Tours | 188 |
| Car Doors & Liner Sales & Services | 190 | Car Shock Absorbers & Leaf Springs | 414 | Transportation Services | 1473 |
| | | Car Spare Parts & Accessories | 2874 | Grand Total | 32598 |
| | | Car Steering Equipment | 31 | | |

Source: Business Collection Group(BCG)

ဒီဇယ်ဆီ သုံးစွဲသော အိမ်စီးကား အရေအတွက် လျော့ကျလာနေပြီး ဓာတ်ဆီသုံးစွဲသော ကားအရေအတွက် နေရာတွင် လျှပ်စစ်ကားများ နေရာဝင်ယူလာဖွယ် ရှိသည်။ တရုတ်ကားထုတ်လုပ်သည့် လုပ်ငန်းများ ရန်ကုန်မြို့တွင် ယာဉ်ထုတ်လုပ်မှုများ လုပ်ကိုင်လျက်ရှိသည်။ ဥပမာ ခိုင်ခိုင်ရှန်ဒ။ လျှပ်စစ် ဘတ်စ်ကား ထုတ်လုပ်ရေးလည်း ဖြစ်ပေါ်လာမည်။ မော်တော်ယာဉ်ဆိုင်ရာ စွမ်းအင်ကဏ္ဍ၏ ထူးခြားကောင်းမွန်သော အကူးအပြောင်း တစ်ရပ် ဖြစ်သည်။ သဘာဝဓာတ်ငွေ့သုံးစွဲခြင်းမှာ ဈေးသက်သာသဖြင့် အားသာချက် ရှိသော်လည်း လုံလုံလောက်လောက်ဖြင့် ဈေးကွက်ဝယ်လိုအားကို ဖြည့်တင်းနိုင်ခြင်းမရှိချေ။ သို့ဖြစ်ရာ အများသုံးယာဉ်များဖြစ်သည့် မြို့တွင်းပြေး ဘတ်စ်ကားများနှင့် အငှားယာဉ်များကိုသာ အဓိကအားဖြင့် ရောင်းချပေးလျက်ရှိသည်။

၈၀%

အရစ်ကျစနစ်ဖြင့် ဝယ်ယူသည့်စီးရေ ရာခိုင်နှုန်း




Pristine Global Finance Company ၏ မော်တော်ယာဉ် ချေးငွေ လုပ်ဆောင်ပုံ အဆင့်ဆင့်

ကားဝယ်ယူမှုအပိုင်းတွင် ကိုယ်ပိုင်ငွေဖြင့် တစ်လုံးတစ်ခဲတည်း ဝယ်ယူခြင်းမှ အရစ်ကျ ပေးသွင်းသည့်စနစ်သို့ ကူးပြောင်းနေသည်။ ကားချေးငွေ အစီအစဉ်ရှိသည့် ငွေကြေးအဖွဲ့အစည်းများ ရှိနေပြီ ဖြစ်သည်။ ချေးငွေ ရယူမည့်သူသည် အဓိကအားဖြင့် ပုံမှန်ဝင်ငွေ ရှိနေဖို့ လိုအပ်ပြီး ၎င်းငွေပမာဏသည် ချေးငွေကို အရစ်ကျပေးဆပ်ရန် လုံလောက်သော ပမာဏ ဖြစ်ရမည်ဖြစ်သည်။ ကားဝယ်ယူခြင်းများတွင် အရစ်ကျပေးချေသည့် ချေးငွေစစနစ်ဖြင့် ဝယ်ယူခြင်းသည် ၈၀% ဝန်းကျင်တွင် ရှိနေသည်။

ဇယား-၃ နေပြည်တော် ပြည်ထောင်စုနယ်မြေ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ မော်တော်ယာဉ်ကဏ္ဍရှိ လုပ်သားအင်အားစု အခြေပြဇယား

| State and Region | Total Employees |
|---|---|
| Ayeyawady Region | 4,720 |
| Bago Region | 6,625 |
| Chin State | 231 |
| Kachin State | 2,382 |
| Kayar State | 479 |
| Kayin State | 3,136 |
| Magway Region | 6,980 |
| Mandalay Region | 41,462 |
| Mon State | 4,206 |
| Nay Pyi Taw | 3,724 |
| Rakhine State | 1,996 |
| Sagaing Region | 9,325 |
| Shan State | 8,095 |
| Tanintharyi Region | 3,107 |
| Yangon Region | 72,182 |
| Grand Total | 168,650 |

Source: Business Collection Group(BCG)

ဇယား-၄ မော်တော်ယာဉ်ကဏ္ဍရှိ ကဏ္ဍခွဲအသီးသီးရှိ လုပ်သားအင်အားစု အခြေပြဇယား

| Segment | Total Employees |
|---|---|
| Accessories & Spare Parts | 25,029 |
| Hire Service | 37,943 |
| Maintenance & Repairing | 55,985 |
| Manufacturers & Dealers | 28,518 |
| Other Services | 20,230 |
| Training | 945 |
| Grand Total | 168,650 |

Source: Business Collection Group(BCG)

ချေးငွေ ထုတ်ချေးသည့် ငွေကြေးအဖွဲ့အစည်းသည် ကားဝယ်ယူပြီးချိန်မှစ၍ ငွေအရစ်ကျ ပေးချေနေသည့် ကာလ တစ်လျှောက်တွင် မော်တော်ယာဉ်ပိုင်ဆိုင်မှု စာရွက်စာတမ်းများကို လက်ဝယ်ရယူသိမ်းဆည်းထားသည့် အပေါင်ခံပစ္စည်းရယူသော စနစ်ကို ကျင့်သုံးလေ့ရှိသည်။





ဇယား-၅ မော်တော်ယာဉ်ကဏ္ဍရှိ ဖော်ပြရန်ရွေးချယ်ထားသော ကဏ္ဍခွဲအသီးသီးရှိ ထင်ရှားလုပ်ငန်းများ (ရန်ကုန်တိုင်းဒေသကြီး)



New Car & New Truck Dealers

- Automobile Alliance Co.,Ltd.
- Capital Automotive Co.,Ltd. [Ford, Jaguar Land Rover]
- Cycle & Carriage Automobile Myanmar Co.,Ltd.
- E-Garage Auto Services & Spare Parts [Myanmar] Co.,Ltd.
- Greater Man Int'l Trading Co.,Ltd.
- International KLM Co.,Ltd.
- Lwin & Swan Trading Co.,Ltd.
- MC Ayeyar Motors Co.,Ltd.
- Mitsubishi Royal
- Model Asia Service Co.,Ltd.
- MSP Motors Ltd. [ISUZU]
- Myanmar Motor Corporation Public Co.,Ltd.
- Octagon Int'l Services Co.,Ltd.
- Pacific-AA Motor Ltd.
- Prestige Automobiles Co.,Ltd. [BMW]
- Super Seven Stars Co.,Ltd.[SSS]
- Suzuki [Myanmar] Motor Co.,Ltd.
- The Traders Ltd.
- Toyota Co.,Ltd.
- United Diamond Motor Co.,Ltd.



Engine Oil & Lubricants

- A.One.Top And Starlight Co.,Ltd.
- AA Marketing Co.,Ltd.
- AMTK Co.,Ltd.
- Asia Gold Industrial Co.,Ltd.
- Asia Petroleum Co.,Ltd.
- Asian Lube Marketing Co.,Ltd.
- Aung Kaung Min Co.,Ltd.
- Aung Thein Than Co.,Ltd.
- Best Luck Co.,Ltd.
- Dragon Oil Ltd.
- ELF- Lubricants [FUTL Trading Ltd.]
- Eternal Co.,Ltd.
- H.S Int'l Co.,Ltd.
- Han Myanmar Co.,Ltd.
- Htoo [2]
- Htoo [3]
- IE Lubricants [International Enterprise Co.,Ltd.]
- Kaung Naing Kyaw Trading Co.,Ltd.
- Kyay O Kyee Petroleum Products Co.,Ltd
- La Kabar Trading
- Luxtron Co.,Ltd.
- M.Y Associates Co.,Ltd.
- MJL & AKT Petroleum Co.,Ltd.
- Myanmar New Stars Industry Co.,Ltd.
- P Int'l Co.,Ltd.
- Proven Int'l Co.,Ltd.
- R' Two Traders Co.,Ltd.
- Real Life Co.,Ltd.
- Royal Lubricants Trading Co.,Ltd.
- S II T Co.,Ltd.
- Sakura Energy Corporation Co.,Ltd.
- Shwe Kabar
- Silver Pearl Angel Co.,Ltd.
- Smarnergy Co.,Ltd.
- Speed Machine Int'l Trading Co.,Ltd. [SMI]
- TA Resources Myanmar Co.,Ltd.
- Taurus Co.,Ltd.
- Thit Lwin Hein Co.,Ltd.
- Tiger Shark Co.,Ltd.
- Trade Boss Trading Co.,Ltd.
- Trade Trigger Trading Co.,Ltd.
- Tunn Star Co.,Ltd.
- Uni Star Co.,Ltd.
- Verity Lubricant
- Yè Yint Co.,Ltd.




Source: Solidiance

၅၂ သန်း

မော်တော်ယာဉ်ကဏ္ဍ ချောဆီအမျိုးမျိုး တစ်နှစ်တာ သုံးစွဲသည့် လီတာပမာဏ

ချောဆီအမျိုးမျိုး သုံးစွဲမှုကို ရေယာဉ်၊ မော်တော်ယာဉ်နှင့် အခြား ဟူ၍ ပိုင်းခြားကြည့်လျှင် မော်တော်ယာဉ်ကဏ္ဍမှ သုံးစွဲမှုသည် ၆၅% ဖြင့် အများဆုံး ဖြစ်သည်။ ရေယာဉ်ကဏ္ဍသည် ၃၀% ရှိပေရာ နှိုင်းယှဉ်ကြည့်လျှင် ထက်ဝက်နည်းသည်။

မော်တော်ယာဉ်ကဏ္ဍတွင် ချောဆီအမျိုးမျိုး တစ်နှစ်တာ သုံးစွဲမှု သည် လီတာသန်းပေါင်း ၅၂ သန်းရှိနေပြီး တစ်နှစ်ထက် တစ်နှစ် ပိုမို များပြားလာနေပေရာ ပြည်တွင်းချောဆီအမျိုးမျိုးဈေးကွက်သည် ဆက်လက်ကြီးထွားနေသည်။



## Servicings

- Auto Man
- Auto Mandalar Co.,Ltd.
- Automan Quick Service Center
- Brightstar Auto Clinic Service Co.,Ltd.
- Cosmic Hantharwaddy Premium Car Servicing
- Diamond Auto Services Co.,Ltd.
- Dr.Elephant
- Eagle Brothers
- EC [Ko] & Brothers
- Euphoria
- Excellent Car Services Centres
- Formula 1
- Formula Car Grooming Centre
- i CAR Auto
- ICAR [3]
- Inya Myaing 22
- Inya Myaing Car Spa
- Japan Car Spa & Service Centre
- Jy's Auto Repair
- La Kabar Motor Service Station
- Myo Auto Services
- Myo Motor Service Co.,Ltd.
- Pann Taing Thit
- Power Life
- Rangoon
- Shin Myoma Wash & Spa
- Smart Auto Care
- Smart Auto Service
- Tokyo Auto
- Top Speed Auto Services
- Young's Auto Showroom & Service Centre



## Spare Parts & Accessories

- Ah Lin Thit [Ko Kyi Win & Brothers]
- Allegiance Parts & Service Co.,Ltd.
- Annawa General Trading Co.,Ltd.
- APR
- Aung Family [Arkar Yè Yint Co.,Ltd.]
- Aung Thein Than Co.,Ltd.
- Aunty Win Trading Co.,Ltd.
- Bajan [U] Auto Genuine Spare Parts
- Bawga Wadi Co.,Ltd.
- Best Japan Co.,Ltd.
- Chit Shwe [U] & Sons
- Compact Myanmar [CMG] Co.,Ltd.
- Diamond Steel Co.,Ltd.
- Dynamic Turbo-Diesel Co.,Ltd.
- Fuji Yoma
- Golden Ginga Trading Co.,Ltd. [Showroom]
- Grand Wealth Automotive Co.,Ltd. [Autozone]
- Hankook Myanmar Motors Co.,Ltd.
- Hongou Group Win World Co.,Ltd.
- Khit Thit Enterprise [Myanmar P & S]
- Ko Aung Win Family Co.,Ltd.
- KTL
- M & K K Int'l Co.,Ltd.
- Maung Ba [Ko] [Maung Ba & Sons Co.,Ltd.]
- Maung Kyaw Win
- Mayan Thee [Ko] & Brothers
- Mudon Maung Maung Co.,Ltd.
- Myanmar Inter World Co.,Ltd.
- Myanmar Motor Corporation Public Co.,Ltd.
- Myanmar Prodigy Co.,Ltd.
- Myanmar Shwe Dinggar Family Co.,Ltd.
- Myat Thidar Trading Co.,Ltd.
- Naing Lin Tun Co.,Ltd.
- PAP Co.,Ltd. [Full Set & Gasket]
- Shwe Pyi Thit [Gold Step] Co.,Ltd.
- Star Jet
- Star Light
- Taung Thar General Trading Co.,Ltd.
- Thein Htike
- Theseus Co.,Ltd. [Euro Parts]
- Tonyco M. Mark Trading Co.,Ltd.
- UNO JIKOU [MOA Trading Co.,Ltd.]
- W.H.K Co.,Ltd.
- White Ribbon Trading Co.,Ltd.
- Win Auto Part
- Win Family
- Yar Zar Tun Lin Trading Co.,Ltd.
- Zhong Lian Car Electronic Trading Co.,Ltd.
- Zin Family Co.,Ltd.



## Tyres & Wheels Dealers

- A 1
- Ah Kyin & Brothers
- Alpha-Nine Int'l Trading Co.,Ltd. [999]
- Ananda Myittar Construction & Electrical Enterprise Co-operative Ltd.
- Anawrahta Tyre & Alloy Wheel Trading [Tyre World Co.,Ltd.]
- Aung Gyi Group of Co.,Ltd.
- Aung Htet Myat Co.,Ltd. [Yangon Tyre]
- Aung Kyaw Si [Aung Kaung San Trading Co.,Ltd.]
- Aung Setkyar Co.,Ltd.
- Aung Thein Than Co.,Ltd.
- Aunty Win Family Trading Co.,Ltd.
- Bridgestone Asia Pacific Pte Ltd. [Myanmar Branch Office]
- Chan Yong Trading Co.,Ltd.





- Eaik Sar Thaya [Myanmar Eaik Sar Thaya General Trading Co.,Ltd.]
- Flying Wheel Co.,Ltd.
- Global Acme Group Co.,Ltd.
- Hein Si Trading Co.,Ltd.
- Kaung Swann Htet Co.,Ltd.
- Khin Zaw & Brothers
- Lighthouse Enterprises Ltd.
- Lucky Man Co.,Ltd. [Ko Thein Zaw & Nephews]
- Moe Myint Htay Int'l Trading Co.,Ltd.
- Myanmar Automobile Group Holding Co.,Ltd.
- Myanmar Eaik Sar Thaya Distribution Co.,Ltd.
- Naing Brothers General Trading Co.,Ltd.
- National Tyre Entrepreneurs Group Co.,Ltd.
- Siam Star Typer
- Soe Htet Tun Trading Co.,Ltd. [Silver Stone Tyres]
- Soe San Htike Co.,Ltd.
- Spirada International Pvt.Ltd.
- TA Resources Myanmar Co.,Ltd.
- Tun Myint General Trading Co.,Ltd.
- Tyre Palace [Sein Academy Co.,Ltd.]
- United Tyre Group Co.,Ltd.
- Win Cherry Co.,Ltd.
- Winner Automobile Co.,Ltd. [Aung Setkyar]
- Yangon Tyre Factory





## Batteries

- Ah Kyin & Brothers
- Aung Setkyar Co.,Ltd.
- Aunty Win Family Trading Co.,Ltd.
- Aunty Win Trading Co.,Ltd.
- Eaiksitan
- Fuji Yoma
- Gold Star Diamond Co.,Ltd.
- GP Battery Industries Pte Ltd. [Head Office]
- Hann Trading Co.,Ltd. [Korea Battery]
- Htoo
- Khin Sein [U] & Nephews
- Lucky Man Co.,Ltd. [Ko Thein Zaw & Nephews]
- Mandalay Power Motor Trading Co.,Ltd.
- Mermaid Smile Co.,Ltd.
- Myoh Taw Thu
- Proven Int'l Co.,Ltd.
- Proven Technology Industry Co.,Ltd.
- Rainbow Bridge Distribution Co.,Ltd.
- Shwe Khaing Phyo
- Shwe Kyi Thar
- Universal Tractor Co.,Ltd.
- Win Cherry Co.,Ltd.




## OBD II Car Workshops

- 3M
- Ah Wheel @ Tayoke Lay
- Aleph Fleet Maintenance & Services
- ASE Automobile Service Enterprise
- Aung [Car Computer Control Training]
- Aung Pann
- Auto Life
- Auto Surgeon
- Automan Quick Service Centre
- Desire Autoworks
- Dr.Elephant
- Hokkaido
- James Latt
- Jy's Auto Repair
- KKK [Kyaw Ko Kyaw]
- MV-Tech [Myanmar Vehicle Tech Co.,Ltd.]
- Naing
- Pride
- Raju [U] & Sons
- Safety First
- Shwe Ah Lin Eain
- Sky Star Automobile Service
- Tokyo Auto
- TZ Auto

မော်တော်ယာဉ်ပြုပြင်သည့်အပိုင်းတွင်လည်း အပြောင်းအလဲများ ဖြစ်ပေါ်နေသည်။ OBD ဖြင့် ပြုပြင်လာကြရသည်။ ယာဉ်အပိုပစ္စည်းသည် လူစီးများသော ကားအမျိုးအစားနှင့် မော်ဒယ်များအတွက် ရဖို့ လွယ်ကူသော်လည်း ကွက်ကြောင်မော်ဒယ်များအတွက် ခက်ခဲနေဆဲဖြစ်သည်။ ဖေ့စ်ဘုတ်ကို အားပြုကာ အွန်လိုင်းမှ ရောင်းချခြင်း၊ အွန်လိုင်းဈေးဆိုင်မှ မှာယူခြင်းများ ယခုထက် ပိုထွန်းကားသည့်ဆီသို့ ကူးပြောင်းနေသည်။ ကားရောင်းဝယ်ရေးတွင် အကြီးမားဆုံး အွန်လိုင်းလုပ်ငန်းမှာ CarDB ဖြစ်သည်။

၂၀၁၈ ခုနှစ်အတွက် BrandZ Top 100 Most Valuable Global Brands စာရင်းတွင် Top Most Valuable Global Car Bands များ တွင် Toyota သည် ပထမနေရာကို ရရှိသဖြင့် ယခုအခါ ၆ နှစ်ဆက်တိုက် နံပါတ်တစ်နေရာ သရဖူ ဆောင်းထားနိုင်သည့် ကား Brand ဖြစ် သည်။ ဒုတိယနေရာတွင် Mercedes-Benz ရောက်ရှိနေပြီး တတိယနေရာ၌ BMW ရောက်ရှိ နေသည်။

Toyota ၏ brand တန်ဖိုးသည် ၅% တက်သွားရာ ဒေါ်လာ ၃၀ ဘီလျံနီးပါး တက်သွားခြင်း ဖြစ်သည်။ ထိုသို့ တန်ဖိုးတက်ရသည်မှာ တိုယိုတာ၏ SUV ကားများ အမေရိကန်ဈေးကွက်နှင့် ဥရောပ ဈေးကွက်တို့တွင် လူကြိုက်များကို ဝယ်လိုအား ကောင်းသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဂျပန်ကားများ အစီးအများဆုံးဖြစ်ပြီး ဂျပန်ကားများတွင် Toyota ကားသည် အစီးအများဆုံးဖြစ်သည်။ မြန်မာနိုင်ငံတွင်အသုံးပြုနေသောဂျပန်ကားအမျိုးမျိုး တို့တွင် Toyota သည် ဝေစု ၈၀% ရရှိထား သည်။







# ၂၀၂၅

အသွင်ကူးပြောင်းသည့် အကူးအပြောင်းများ ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်ပေရာ လာမည့် ၂၀၂၅ ခုနှစ်တွင် မည်သို့ ရှိမည်နည်း။

ဈေးဝယ်ခြင်း၊ ကျောင်းပို့ခြင်း၊ ခရီးထွက်ခြင်း၊ အလုပ်တက်ဆင်း အစရှိသည့် ကိစ္စရပ်များအတွက် ယခုအခါ မိမိပိုင်ဆိုင်သည့် ယာဉ်ကို သာ အားကိုးအထားပြုနေခြင်းသည် ကိစ္စအမျိုးမျိုးအတွက် ယာဉ်တစ်စီးကိုသာ သုံးစွဲသည့်ခေတ်ဖြစ်သည်။ ထိုခေတ်သည် ကိစ္စရပ် အလိုက် ယာဉ်အမျိုးမျိုးကို ခွဲခြားသုံးစွဲသည့် ခေတ်အဖြစ်သို့ ကူးပြောင်း ရောက်ရှိမည်။ ကျောင်းပို့ရန် ကျောင်းကား သုံးမည်။ ခရီးထွက်ရန် စီးလုံးငှားယာဉ်ကို သုံးမည်။ မြို့တွင်း သွားလာရန် ဘတ်စ်ကားဖြစ်စေ၊ အငှားယာဉ်ဖြစ်စေ သုံးစွဲမည်။ ထိုအကူးအပြောင်းကို တွန်းပို့ပေးနေသည့် အကြောင်းတရားများမှာ ယာဉ်ကြောကျပ်လွန်းခြင်း၊ ယာဉ်ရပ်နားရန် နေရာအခက်အခဲရှိခြင်း၊ သွားလိုသည့်နေရာနှင့် အနီးအနားတွင် ရပ်စရာနေရာ မရနိုင်ခြင်း၊ ယာဉ်ရပ်နားခ အခကြေးများ မြင့်မားခြင်း၊ ဘတ်စ်ကားများ အဆင့်မြင့်ခြင်း၊ တက္ကဆီ ငှားရန် ဖုန်းအက်ပ်ဖြင့် အဆင်ပြေပြေ ငှား၍ ရခြင်း၊ ကားလိုင်စင် နံပါတ်ပြား ရရှိဖို့ ဈေးကြီးလွန်းခြင်း အစရှိသည်တို့ ဖြစ်သည်။ ကိုယ်ပိုင်ကားထက် အငှားယာဉ်ကို ပိုနှစ်ခြိုက်ကြမည်။

၂၀၁၅ ခုနှစ်တွင် ကားအသစ် ကျပ်ချွတ် ဝယ်စီးခြင်းသည် အများစု ဖြစ်နေမည်။ အရစ်ကျစနစ်ဖြင့် ဝယ်ယူသည့် ခေတ် ထွန်းကားမည်။

လျှပ်စစ်ကားများ လူသုံးများမည်။ လျှပ်စစ်ကားနှင့်ပတ်သက်သော ပံ့ပိုးထောက်ကူ ပစ္စည်းများ ဝန်ဆောင်မှုများ၊ ကိရိယာများ ဈေးကွက် ကြီးထွားမည်။ ပြည်တွင်းတွင် ဖြစ်ပေါ်နေသောအခြေအနေများက ပေးနေသည့် ပြဿနာများကို ကျော်လွှားနိုင်မည့် ဆန်းသစ်တီထွင်မှုများလည်း ရှိနေမည်။

ပြည်ပ ကားလုပ်ငန်းများ ပြည်တွင်းဈေးကွက်အတွက် မော်တော်ယာဉ်များ ထုတ်လုပ်ခြင်းအပြင် ပြည်ပ ပို့ကုန်အဖြစ်လည်း မော်တော် ယာဉ် အမျိုးမျိုးကို တပ်ဆင်ထုတ်လုပ်နေကြမည်ဖြစ်သည်။ မော်တော်ယာဉ် ကဏ္ဍတွင် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ခိုင်မာနေမည် ဖြစ်သည်။